# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁၆ / ၂၀၁၈ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈)အား ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၄)ခုနှင့် အတည်ပြုလုပ်ငန်း (၃)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း (၄)ခုနှင့် အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပြီး ဖြစ်ပါသဖြင့် ယခု အစည်းအဝေး ကာလအတွင်း စုစုပေါင်းလုပ်ငန်း (၇)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃၂၁.၈၆၆)သန်းကို ခွင့်ပြု ပေးခဲ့ပြီး အဆိုပလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၀၅၄) ဦးကို ဖန်တီးပေးမည် ဖြစ်ပါသည်။ အဆိုပြု/အတည်ပြု လုပ်ငန်း(၇)ခုမှာ စက်မှု ကဏ္ဍမှ (၁)ခု၊ မွေး/ ရေ ကဏ္ဍမှ (၂)ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှ (၁)ခု နှင့် အခြားကဏ္ဍမှ (၃)ခုဖြစ်ပ ါ သည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၃)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃၃၉.၇၈၉)သန်းနှင့် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃,၈၈၃)ဦး ဖန်တီးပေးပြီး ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိ ကန်ဒေါ်လာ (၃၆၃.၁၃၉)သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၈)ခုနှင့် စုစုပေါင်းလုပ်ငန်း (၁၀)ခု ခွင့်ပြုခဲ့ပါ သည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း (၂)ခု နှင့် အတည်ပြုလုပ်ငန်း (၂)ခု ခွင့်ပြုပေးခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း(၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခုနှင့် ကယား ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု ရှိပါသဖြင့် ယခု အစည်းအဝေး ကာလအ တွင်း စုစုပေါင်းလုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆.၀၉၁) သန်း အပါ

အဝင် ကျပ် (၃၄,၅၄၀.၁၁၆)သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၅၉၃)ဦး ကိုဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၁၀)ခု မှာ စက်မှုကဏ္ဍ (၃)ခု၊ ဟိုတယ်ကဏ္ဍ (၂)ခုနှင့် အခြားကဏ္ဍ (၅)ခု တို့ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက် နေ့အထိ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၃)ခု၊ အမေရိကန်ဒေါ်လာ (၇.၃၆၅) သန်း အပါအဝင်ကျပ် (၇၀,၈၈၈.၆၇၀) သန်းနှင့် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၈၆၈)ဦး ဖန်တီးပေးနိုင်ခဲ့ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm